လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter သတင်းလွှာ June 2026

# သက်ကြီးရွယ်အို သက်သေခံကတ်ပြား ပေးအပ်ခြင်းကျင်းပ



**၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၂ ရက်** **နေပြည်တော်**

နိုင်ငံတော်အစိုးရ၏ ပြည်သူအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းများအနက် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ လူမှုရေးပင်စင်အစီအစဉ်တွင် အကျိုးခံစားခွင့်ရှိသူ သက်ကြီးပုဂ္ဂိုလ်များအားသက်ကြီးရွယ်အို သက်သေခံကတ်ပြားများ ထုတ်ပေးခြင်းကို ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်ဓမ္မာရုံနှင့် ပျဉ်းမနားမြို့နယ်၊ တပ်တွင်းဓမ္မာရုံတို့၌ ဆောင်ရွက်ခဲ့ရာ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း က ကွင်းဆင်းပေးအပ်ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်ဓမ္မာရုံ၌ အောင်ဇမ္ဗူရပ်ကွက်အတွင်းရှိ သက်ကြီးပုဂ္ဂိုလ်များအနက်မှ (၂၅)ဦးကိုလည်းကောင်း၊ ပျဉ်းမနားမြို့နယ်၊ တပ်တွင်းဓမ္မာရုံ၌ မင်္ဂလာရပ်ကွက်အတွင်းရှိ သက်ကြီးပုဂ္ဂိုလ်များအနက်မှ သက်ကြီးပုဂ္ဂိုလ် (၂၀) ဦး နှင့် ရွှေချီရပ်ကွက်အတွင်းရှိ သက်ကြီးပုဂ္ဂိုလ်များအနက်မှ သက်ကြီးပုဂ္ဂိုလ် (၇၅)ဦး၊ စုစုပေါင်း (၃၀)ဦးတို့အား သက်ကြီးရွယ်အို သက်သေခံကတ်ပြားများနှင့် အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့ပါသည်။

သက်ကြီးရွယ်အို သက်သေခံကတ်ပြားရရှိသော သက်ကြီးပုဂ္ဂိုလ်များအနေဖြင့် ရထားလက်မှတ် ဝယ်ယူရာ၌ ကျသင့်လက်မှတ်ခ၏ ၅၀% အား လျှော့ပေါ့ခံစားခွင့်၊ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းပိုင် ရုပ်ရှင်၊ ဇာတ်သဘင်၊ အငြိမ့်၊ သီဆိုပွဲ၊ ပြဇာတ်၊ ပန်းချီ၊ ပန်းပု စသည့် နိုင်ငံပိုင်ဖျော်ဖြေရေးဝန်ဆောင်မှုများတွင် ဝင်ကြေးအနည်းဆုံး ၅၀% လျှော့ပေါ့ခံစားခွင့်၊ အမျိုးသားပြတိုက်သို့ဝင်ရောက်ပါက ဝင်ကြေးကင်းလွတ်ခြင်းခံစားခွင့်၊ သက်ကြီးပုဂ္ဂိုလ်များ ကွယ်လွန်ခဲ့ပါက သင်္ဂြိုလ်စရိတ် ကင်းလွတ်ခွင့် ရရှိမည် ဖြစ်ကြောင်း သတင်းရရှိပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration – IOM) ရုံးအကြီးအကဲဖြစ်သူ Mr. Daihei Mochizuki ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**၂၀၂၆ ခုနှစ်၊ ဇွန်လ ၅ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration – IOM) ရုံးအကြီးအကဲဖြစ်သူ Mr. Daihei Mochizuki ဦးဆောင် သည့် ကိုယ်စားလှယ်အဖွဲ့အား အဆိုပါဝန်ကြီးဌာန၊ဧည့်ခန်းမ၌လက်ခံတွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံရာတွင်လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် IOM တို့အကြား လုပ်ငန်းများပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးနိုင်ရေး ကိစ္စရပ်များ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် IOM နှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ နိုင်ငံခြားသားဝန်ထမ်းများအတွက် ပြည်ဝင် ဗီဇာရရှိရေးနှင့် ပြည်တွင်းခရီး သွားလာခွင့်ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး ခဲ့ကြပါသည်။

တွေ့ဆုံပွဲသို့ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဘာသာရပ်ဆိုင်ရာ အရာထမ်းများနှင့် IOM ရုံးမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Barnaby Jones အား လက်ခံတွေ့ဆုံ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Barnaby Jones အား အဆိုပါဝန်ကြီးဌာန၊ ဧည့်ခန်းမ၌ လက်ခံ တွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံရာတွင် UNHCR မှ အကူအညီထောက်ပံ့ပေးအပ်ခဲ့မှုများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး

နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် UNHCR အကြား နားလည်မှုစာချွန်လွှာ (MoU) အရ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်၍ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။

တွေ့ဆုံပွဲသို့ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဘာသာရပ်ဆိုင်ရာ အရာထမ်းများနှင့် UNHCR ရုံးမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ပါသည်။



၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၅ ရက် နေပြည်တော်

## တီးတိန်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားနေမှု ကြည့်ရှုစစ်ဆေး



၂၀၂၆ ခုနှစ်၊ ဇွန်လ ၁ ရက် ချင်းပြည်နယ်

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများကို နိုင်ငံတစ်ဝန်း စတင်ဖွင့်လှစ်ခဲ့ရာ ချင်းပြည်နယ် တီးတိန်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌လည်း ကျောင်းသင်ခန်းစာများ စတင်သင်ကြားပေးလျက်ရှိသည်။

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး၊ ဒုတိယဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီးခင်မောင်ထွေးနှင့် အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့သည် ယနေ့နံနက် ၁၀ နာရီတွင် တီးတိန်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းစတင်ဖွင့်လှစ်၍ စာစတင် သင်ကြားပေးနေမှုအခြေအနေကို သွားရောက်ကြည့်ရှုအားပေးပြီး နိုင်ငံတော်မှ ထောက်ပံ့သည့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံနှင့် ကျောင်းဝတ်စုံများကို ကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့ပေးအပ်သည်။

တီးတိန်မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ ၇၈၂၅ စုံ၊ ဗလာစာအုပ် ၁၂၄၅၇ ဒါဇင်၊ ဘောပင် / ခဲတံ ၃၄၇၂ ဒါဇင်နှင့်ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များကိုမြို့နယ် ပညာရေးမှူးထံသို့ ထောက်ပံ့ပေးအပ်ခဲ့ပြီး တီးတိန်မြို့နယ်တွင် ယနေ့အထိ KG မှ Grade-12 အထိ ကျောင်းသား၊ ကျောင်းသူ ၁၀၄၅၇ ဦးနှင့် တွန်းဇံမြို့နယ် တွင် ၁၇၀၆ ဦး၊ တီးတိန်ခရိုင်အတွင်း စုစုပေါင်း ၁၂၁၆၃ ဦး ကျောင်းအပ်နှံ လက်ခံကာ ပညာသင်ကြားလျက်ရှိကြောင်း တီးတိန်ခရိုင် ပညာရေးမှူးရုံးမှ သိရသည်။

## ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်သော ဆန်၊ စားသုံးဆီအပါအဝင် ထောက်ပံ့ရေးနှင့် တည်ဆောက်ရေးပစ္စည်းများ ဆက်လက်ပို့ဆောင်




**၂၀၂၆ ခုနှစ်၊ ဇွန်လ ၈ ရက်** **ချင်းပြည်နယ်**

တပ်မတော်က အလုံးစုံပြန်လည်ထိန်းချုပ်ခဲ့ပြီးဖြစ်သည့် ချင်းပြည်နယ် ဖလမ်းမြို့၊ တီးတိန်မြို့နှင့် တွန်းဇံမြို့များတွင် ချင်းသောင်းကျန်းသူများကြောင့် ထိခိုက်ပျက်စီးခဲ့မှုများနှင့်စပ်လျဉ်း၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံး စီမံဆောင်ရွက်သွားရန် **နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ** သက်ဆိုင်ရာ ကဏ္ဍအလိုက် တာဝန်ရှိသူများပါဝင်သည့် ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်

တည်ဆောက်ရေးကော်မတီကိုလူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးအား ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်၍ သက်ဆိုင်ရာ နယ်မြေဒေသများအရောက် ကွင်းဆင်းကာ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ချင်းပြည်နယ်၊ ဖလမ်းမြို့၊ တီးတိန်မြို့နှင့် တွန်းဇံမြို့သို့ ပြန်လည်ဝင်ရောက်လာသည့် ပြည်သူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ စားနပ်ရိက္ခာအခက်အခဲမရှိစေရေးအတွက် အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ကနဦးစီစဉ်မှုအဖြစ် စားသုံးဆီ ၁၀ တန်နှင့် ဆန်တန်ချိန် ၅၀၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် လိုအပ်သည့် ဘိလပ်မြေ၊ သွပ်၊ သွပ်ရိုက်သံ တို့ကို တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိပါသည်။

တပ်မတော်လေယာဉ်များဖြင့် စားသုံးဆီ၁၀တန်၊ ဆန် တန် ၅၀၊ ဘိလပ်မြေ ၄.၅ တန်တို့ကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များမှ ကလေးမြို့သို့ ပို့ဆောင်ပေးလျှက်ရှိကြောင်းနှင့် သက်ဆိုင်ရာ မြို့နယ်များသို့ ဆက်လက်ဖြန့်ခွဲထောက်ပံ့နိုင်ရေး၊ ဒေသ၏လိုအပ်ချက်များအပေါ်မူတည်၍ ထပ်မံ ဖြည့်ဆည်းပေးနိုင်ရေး စဉ်ဆက်မပြတ်ဆောင်ရွက်လျှက်ရှိပါကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီကသတင်းထုတ်ပြန်ခဲ့ပါသည်။

## အသက် ၆ လမှ ၃ နှစ် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ



**နေပြည်တော်၊ ဇွန်လ ၅ ရက်**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ ဝန်ကြီးဌာနများတွင် နေ့ကလေးထိန်းဌာနများ ဖွင့်လှစ်နိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သည့် **“အသက် ၆ လမှ ၃ နှစ် ရှေးဦးအရွယ်ကလေး သူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအခြေခံသင်တန်း”**သင်တန်းဆင်းပွဲအခမ်းအနားကို ၅-၆-၂၀၂၆ ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ခဲ့ပါသည်။

**နေပြည်တော်**

ဒုတိယဝန်ကြီးက သင်တန်းဆင်းအဖွင့်အမှာစကားပြောကြားရာတွင် နေပြည်တော်ရှိ ရုံးဝန်ထမ်းမိသားစုများအနေဖြင့် လုပ်ငန်းခွင်မပျက်ရုံး တက်ရောက်နိုင်ပြီး မိမိတို့၏ရင်သွေးငယ်များကို လုံခြုံ စိတ်ချရသည့် ပတ်ဝန်းကျင်တွင် စောင့်ရှောက်နိုင်စေရေးအတွက် နေ့ကလေးထိန်းဌာနများ ဖွင့်လှစ်နိုင်ရန် ပံ့ပိုးပေးလျက်ရှိပါကြောင်း၊ ကလေးများအတွက် ရင်းနှီးမြှုပ်နှံမှုပြုခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် အရေးကြီးသည့် အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ အသက် ၃ နှစ်မပြည့်မီ အရွယ်သည် ဦးနှောက်ဖွံ့ဖြိုးမှု အလျှင်မြန်ဆုံးနှင့် အားအကောင်းဆုံးကာလဖြစ်သောကြောင့် ကျန်းမာရေး

နှင့် အာဟာရ၊ ချစ်ခြင်းမေတ္တာ၊ မှန်ကန်သောပြုစုစောင့်ရှောက်မှု၊ ကောင်းမွန်သောပတ်ဝန်းကျင်တို့ ရရှိစေရေး အလေးပေးဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ကလေးများ၏ နေ့စဉ်ဘဝတွင် သင်ယူမှုကောင်းများ ရရှိစေရန် မိဘ၊ ဆရာနှင့် ပတ်ဝန်းကျင်တို့က နည်းစနစ်မှန်ကန်စွာဖြင့် ပံ့ပိုးပေးရန် လိုအပ်ပါကြောင်း၊ နေ့ကလေးထိန်း ဌာနများသည် ကလေးများအတွက် နွေးထွေးမှု၊ လုံခြုံမှုရှိပြီးကလေးဖွံ့ဖြိုးမှုအတွက်လှုံ့ဆော်မှုရှိသော ပတ်ဝန်းကျင်ဖြစ်ရန် အရေးကြီးပါကြောင်း၊ ကလေးများ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ စာရိတ္တနှင့် ပေါင်းသင်းဆက်ဆံရေး အထောက်အပံ့ကောင်းများ ရရှိစေရန် ဦးတည်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ စံပြုထိုက်သော နေ့ကလေးထိန်းဆရာမများ၊ ကလေးပြုစုစောင့်ရှောက်သူများဖြစ်စေရေးနှင့် ကလေးများ ဘက်စုံဖွံ့ဖြိုးရေးကို ပံ့ဖော်ပေးနိုင်သူများဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ကလေးဖွံ့ဖြိုးမှုနှင့် ကလေးသူငယ်ကာကွယ်စောင့် ရှောက်ရေးလုပ်ငန်းများကို မိဘဆရာပူးပေါင်း ဆောင်ရွက်နိုင်ရန်အတွက် မိဘအသိပညာပေးခြင်းများ ကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း မှာကြားခဲ့ပါသည်။

ထို့နောက် ဒုတိယဝန်ကြီးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ပြီး သင်တန်းသူများ ပြုလုပ်ထားသော ကလေးဖွံ့ဖြိုးမှုဆိုင်ရာ သင်ထောက်ကူများ၊ လက်မှုပစ္စည်းများကို လှည့်လည် ကြည့်ရှုခဲ့ကြပါသည်။

အဆိုပါသင်တန်းကို ၄-၅-၂၀၂၆ ရက်မှ၅-၆-၂၀၂၆ ရက်အထိ နေပြည်တော်၊ ရင်သွေး ရတနာမူလတန်းကြိုကျောင်းတွင် ဖွင့်လှစ်ခဲ့ပြီး ဝန်ကြီးဌာန ၂၀ ခုမှ သင်တန်းသူ ၄၂ ဦး တက်ရောက်ခဲ့ပါသည်။

## မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အောက်ရှိ မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက်အရ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အရေးပေါ် အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာနခွဲ (ရန်ကုန်) ဖွင့်လှစ်ခြင်း စီမံကိန်းပြီးမြောက်အောင်မြင်မှု အခမ်းအနား ကျင်းပ




**၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၀ ရက်** **ရန်ကုန်တိုင်းဒေသကြီး**

မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အောက်ရှိ မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက်တစ်ခုဖြစ်သော အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာနခွဲ (ရန်ကုန်) နည်းပညာဆိုင်ရာ ရုံးသုံးစက်ကိရိယာပစ္စည်း (Multi Large Display) တပ်ဆင်သည့် စီမံကိန်းပြီးမြောက်မှု အခမ်းအနားကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ကျင်းပခဲ့ပါသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံ

အမတ်ကြီး H.E. Mr.Abhay Thakur၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြန်ကြားရေး၊ ကယ်ဆယ်ရေးနှင့် သာသနာရေးဝန်ကြီး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပါသည်။ အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးတို့က Multi Large Display ကို ခလုတ်နှိပ်၍ ဖွင့်လှစ်ပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖြန်းပေးကြပါသည်။ ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် ပတ်သက်သည့် အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာနခွဲ (ရန်ကုန်) စီမံကိန်းဆောင်ရွက်နိုင်ခြင်း၏ အကျိုးကျေးဇူးများ၊ သတင်းအချက်အလက်စီမံခန့်ခွဲမှု လုပ်ငန်းများတွင် အထောက်အပံ့ဖြစ်စေနိုင်မှု အခြေအနေများနှင့် စီမံကိန်းကို အထောက်အပံ့ပေးခဲ့သော အိန္ဒိယနိုင်ငံအစိုးရနှင့် တာဝန်ရှိသူများကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးက မြန်မာနိုင်ငံ၏ ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများတွင်တစ်ထောင့်တစ်နေရာမှပါဝင်အထောက်အကူပြုရသည့်အတွက် ဝမ်းမြောက် ဂုဏ်ယူပါကြောင်းနှင့် လိုအပ်သည့်အကူအညီများ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြား ခဲ့ပါသည်။

ဆက်လက်၍ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု မှတ်တမ်းတင် ဗီဒီယိုပြသခဲ့ကာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အိန္ဒိယသံအမတ်ကြီးထံသို့ စီမံကိန်း ပြီးမြောက်ခြင်းဆိုင်ရာကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် မူလတန်းကြိုကျောင်းများနှင့် ပြင်ဦးလွင်မြို့ ပရဟိတ မျက်မမြင်ကျောင်း သို့ သွားရောက်ကြည့်ရှုစစ်ဆေး**




**၂၀၂၆ ခုနှစ်၊ ဇွန် လ ၁၇ ရက်** **မန္တလေးတိုင်းဒေသကြီး**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် မိတ္ထီလာမူလတန်းကြိုကျောင်း၊ ကျောက်ဆည်မူလတန်းကြိုကျောင်း၊ပြင်ဦးလွင်မူလတန်းကြိုကျောင်းများတွင် အသက်၃ နှစ်မှ ၅ နှစ်ထိ မူလတန်းကြိုကလေးများအား လက်ခံ၍ ရှေးဦးအရွယ်ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးအတွက် လေ့ကျင့်သင်ကြားပေးနေမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ရာ တာဝန်ခံကျောင်းအုပ်များက လိုက်လံရှင်းလင်းပြသခဲ့ပါသည်။ ဒုတိယဝန်ကြီးက မူလတန်းကြိုအရွယ်ကလေးသူငယ်များသည် ဘဝတစ်လျှောက်လုံး ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးအတွက် အခြေခံများကိုသင်ယူရသော အချိန်ဖြစ်ပါကြောင်း၊ဗလငါးတန်ဖွံ့ဖြိုးစေဘို့ရှေးဦးအရွယ်ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေး နည်းစနစ်များနှင့်အညီ လေ့ကျင့်သင်ကြားပေးရန် လိုကြောင်း၊ သင်ရိုးညွှန်းတမ်းများသည် ခေတ်နှင့်အညီဖြစ်စေရန် ရေးဆွဲရမည်ဖြစ်ပြီး ဒေသရှိ ပစ္စည်းများဖြင့် သင်ထောက်ကူပစ္စည်းများပြုလုပ်သင်ကြားပေးရန်လိုကြောင်း၊ ယနေ့ကလေးသူငယ်များသည် နောင်တွင် တိုင်းပြည်၏ အနာဂါတ်တာဝန်ကို ယူထမ်းရွက်ကြမည့် သူများဖြစ်သဖြင့် စနစ်တကျပြုစုလေ့ကျင့်ပေးရန်လိုကြောင်း လမ်းညွှန်မှာကြားခဲ့ပါသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန၏ တည်ထောင်ခွင့်ပြုမိန့်ရ ပြင်ဦးလွင်မြို့ ပရဟိတမျက်မမြင်ကျောင်းသို့ ရောက်ရှိခဲ့ရာ ကျောင်းအုပ်ဆရာတော် ဦးဥေ ယျ၊ အုပ်ချုပ်ရေးမှူး ဦးကံထူးမောင်နှင့် ဂေဟာမှူး ဒေါ်ဝေဝေလွင်တို့က မျက်မမြင်ကလေး (၁၁၃) ဦးအား လက်ခံစောင့်ရှောက်ပေးပြီး စာပေနှင့် အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးနေမှုများကို ရှင်းလင်း ပြောကြားပြီး လှည့်လည်ရှင်းလင်းပြသပါသည်။ ဒုတိယဝန်ကြီးက ကမ္ဘာပေါ်တွင် မသန်စွမ်းသူဦးရေသည် ကမ္ဘာ လူဦးရေ၏ ၁၅ ရာခိုင်နှုန်း ခန့်ရှိသဖြင့် နိုင်ငံတိုင်းက အလေးထားဆောင်ရွက်လျှက်ရှိပါကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ကွန်ဗန်းရှင်းကို ကုလသမဂ္ဂ ၂၀၀၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံက အတည်ပြု လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် **မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေ (၂၀၁၅) နှင့်နည်းဥပဒေများ (၂၀၁၇)** တို့နှင့်အညီ မသန်စွမ်းသူများဆိုင်ရာ အခွင့်အရေးများ အလေးထားဆောင်ရွက်ပေးရန်အတွက် ဒုတိယသမ္မတ ၂ က ဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်များ အဖွဲ့ဝင်အဖြစ်ပါဝင်သော မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းထားရှိပါကြောင်း၊ ဒါ့အပြင် မသန်စွမ်းသူများ ဆိုင်ရာအရေးကိစ္စများကို မသန်စွမ်းသူများကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် **မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်**ကိုလည်း ဖွဲ့စည်းထားပါကြောင်း၊ မဟာဗျူဟာ ၅ နှစ် စီမံကိန်း (၂၀၂၂-၂၀၂၇) ချမှတ်ပြီး အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ၂၀၂၄ လူဦးရေးနှင့် အိမ်ထောင်စု အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် မသန်စွမ်းသူ ၂.၂၉ သန်းခန့်ရှိပြီး မြန်မာနိုင်ငံလူဦးရေ၏ ၇.၆ ရာခိုင်နှုန်းရှိပါကြောင်း၊ မသန်စွမ်းသူများအတွက် မွေးရာပါ လူ့အခွင့်အရေးများ၊ ခွဲခြားဆက်ဆံမှုမရှိစေရေး၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေးများအတွက် အကောင်အထည် ဖော်ဆောင်ရွက်ပေးလျှက်ရှိပါကြောင်း၊ မျက်မမြင်ကလေးများ ဘဝရပ်တည် နေထိုင်နိုင်ရေးအတွက် လာရောက် နေထိုင်သောကျောင်းဖြစ်သဖြင့် ကျန်းမာရေး၊ သန့်ရှင်းရေး၊ အာဟာရ ပြည့်ဝရေးတို့သာမက စာပေသင်ကြားနိုင်ရေးအတွက် မျက်မမြင်လက်စမ်းစာ Braille တတ်မြောက်သူများ လိုအပ်သဖြင့်မွေးထုတ်ပေးရန်လိုပါကြောင်း ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ၂၀၁၉ ဥပဒေအရ ပရဟိတဂေဟာများကို တည်ထောင် ခွင့်ပြုမိန့်များထုတ်ပေးပြီး ပထမ၊ ဒုတိယ၊ တတိယ အဆင့်ဂေဟာများအဖြစ် သတ်မှတ်၍ ဆန်၊ စားစရိတ်၊ ဝတ်စရိတ်၊ ဂေဟာမှူးလစာများကို ကျောင်းသားဦးရေအလိုက်နှစ်စဉ် ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ဒါ့အပြင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဥပဒေအရ မသန်စွမ်းပုဂ္ဂလိက ပညာသင်အထူးကျောင်း၊ ပုဂ္ဂလိက အသက်မွေးမှု အထူးသင်တန်းကျောင်းနှင့် ပုဂ္ဂလိက ပြန်လည်ထူထောင်ရေး ဌာနများကိုလူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် တည်ထောင်ဖွင့်လှစ် ခွင့်ပြုထားပါကြောင်း၊ ခွင့်ပြုချက်မရှိဘဲ ဂေဟာဖြစ်စေ၊ မသန်စွမ်းကျောင်းဖြစ်စေ ဖွင့်လှစ်ပါကဥပဒေအရ

အရေးယူခြင်းခံရမည်ဖြစ်ပါကြောင်း၊ မျက်မမြင်ကလေးများကို လူသားချင်းစာနာသော စိတ်ထားဖြင့် စေတနာ၊ ဝါသနာ၊အသိပညာ၊အတတ်ပညာများဖြင့် ပြုစုစောင့်ရှောက်ပေးကြရန် လမ်းညွှန်မှာကြားခဲ့၍ ပရဟိတဂေဟာတွင် မျက်မမြင် ကျား (၇၂) မ (၄၁) ဦး လက်ခံစောင့်ရှောက်ပြီး စာပေနှင့် အသက်မွေးဝမ်းကြောင်းပညာ သင်ကြားပေးလျက်ရှိပါသည်။

## ဘိုးဘွားရိပ်သာနှင့် မသန်စွမ်းကျောင်းများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင် သွားရောက် ကြည့်ရှုစစ်ဆေး



**၂၀၂၆ ခုနှစ်၊ ဇွန် လ ၁၈ ရက်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည်ပြင်ဦးလွင်မြို့ရှိလူမှုဝန်ထမ်းဦးစီးဌာန၏ တည်ထောင်ခွင့်ပြုမိန့်ရ ချယ်ရီမြေဘိုးဘွားရိပ်သာသို့ ရောက်ရှိခဲ့ရာ ဘိုးဘွားရိပ်သာအုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဘိုးဘွားများအား လက်ခံစောင့်ရှောက်ပေးနေမှုများကို ရှင်းလင်းပြောကြားခဲ့ပြီး ရိပ်သာအား လှည့်လည်ပြသခဲ့ပါသည်။

ဒုတိယဝန်ကြီးက သက်ကြီးသူများသည် ဖြတ်သန်းရာဘဝတစ်လျှောက် တာဝန်ကျေခဲ့သူများဖြစ်ပြီး တန်ဘိုးမဖြတ်နိုင်သော အတွေ့အကြုံအမျိုးမျိုးကို ပိုင်ဆိုင်ထားသဖြင့် လေးစားတန်ဘိုးထားရမည့် သူများဖြစ်ပါကြောင်း၊ မိသားစုစောင့်ရှောက်မှု မရနိုင်သော ဘိုးဘွားများ၏ ဘဝနေဝင်ချိန်ကို ပူပင်ကြောင့်ကြမှုမရှိအောင် စောင့်ရှောက်ပေးနေသည့် ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့နှင့် ဝန်ထမ်းများကို ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဘိုးဘွားရိပ်သာများကို ဆန်၊ စားစရိတ်၊ အဝတ်အထည်စရိတ်နှင့် ဂေဟာမှူးလစာများကို နှစ်စဉ်ထောက်ပံ့ ပေးလျှက်ရှိပါကြောင်း၊ အသက် ၈၅နှစ်အထက် ဘိုးဘွားများကို လစဉ် လူမှုရေးပင်စင်ထောက်ပံ့ ပေးလျှက်ရှိပါကြောင်း၊တက်ကြွလှုပ်ရှားမှုရှိသောသက်ကြီးသူများဘဝဖြစ်စေရန်အတွက် သက်ကြီးသူချင်းကူညီစောင့်ရှောက်ရေးအဖွဲ့များနှင့် ဘိုးဘွားများနေ့ပိုင်းစောင့်ရှောက်ရေးဂေဟာများကို အားပေးခြင်း၊ အသိပညာပေးခြင်းများဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဒါ့အပြင် သက်ကြီးရွယ်အို ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ သက်ကြီးအခွင့်အရေးများရရှိစေရန် သက်ကြီးမှတ်ပုံတင် ထုတ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားခဲ့ပြီး ဘိုးဘွားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားများ ပြောကြားခဲ့ပါသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စစ်ကိုင်းခရိုင်လူမှုဝန်ထမ်းရုံးနှင့် စစ်ကိုင်းမူလတန်းကြို ကျောင်းသို့ ရောက်ရှိခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်း

ဦးစီးမှူးက လိုက်လံရှင်းလင်းတင်ပြ ခဲ့ပါသည်။ ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ဒုတိယဝန်ကြီးက လူ့ဘဝ အစ ရက်ပေါင်း ၁၀၀၀ သည် ကလေး၏ ဦးနှောက်နှင့် ခန္ဓာကိုယ်ဖွံ့ဖြိုးရေးအတွက် အရေးကြီးသည့် အချိန်ကာလဖြစ်သဖြင့် အာဟာရပြည့်ဝစွာ စားသောက်ရေးသည် အရေးအကြီးဆုံးဖြစ်သလို အသက် ၃ နှစ်မှ ၅ နှစ်မူကြို အရွယ်သည် သင်ယူခြင်းကို အစပျိုးလေ့ကျင့်ပေးရခြင်းဖြစ်သဖြင့် ရှေးဦးအရွယ်ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးနည်းစနစ်များဖြင့် စနစ်တကျသင်ကြားပေးရန်နှင့် ကလေး၏ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးအတွက် လိုအပ်သောမိဘအသိပညာပေးအစီအစဉ်များဆောင်ရွက်ပေးရန် လမ်းညွှန် မှာကြားခဲ့ပါသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စစ်ကိုင်း မျက်မမြင်ကျောင်းသို့ ရောက်ရှိခဲ့ရာ ကျောင်းအုပ်က လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံရှင်းလင်းတင်ပြပြီးနောက် ဒုတိယဝန်ကြီးက မျက်မမြင်များ စာပေသင်ကြားနိုင်ရန်အတွက် မျက်မမြင်လက်စမ်းစာကို စတင်သင်ကြားပေးပြီး လူတိုင်းအကျုံးဝင် ပညာရေးစနစ်ဖြင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်များ တက်ရောက်နိုင်အောင် သင်ကြားပေးနေမှုများကို ပြည်သူလူထုသိရှိအောင် ဆောင်ရွက်ရန်နှင့် အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးပြီး အလုပ်အကိုင်ရသည်ထိ သင်ကြားပေးရန် လမ်းညွှန်မှာကြားခဲ့ပါသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မန္တလေး နားမကြားသော ကလေးများကျောင်းသို့ ရောက်ရှိခဲ့ရာ ကျောင်းအုပ်က လုပ်ငန်းဆောင်ရွက်မှုများကို လိုက်လံရှင်းလင်းပြသပြီးနောက် ဒုတိယဝန်ကြီးက နားမကြားသူများ အနေဖြင့် ပတ်ဝန်းကျင်နှင့်ဆက်သွယ်နိုင်ရန်နှင့် စာပေသင်ကြားနိုင်ရန် လက်သင်္ကေတပြဘာသာစကား ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်၊ လိုက်ဖက်သော အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးပြီး ဘဝရပ်တည်နိုင်ရေးဆောင်ရွက်ပေးရန်၊ မသန်စွမ်းသူများ၏ စွမ်းဆောင်နိုင်မှုကို အလေးထားသော ပတ်ဝန်းကျင် အလုပ်ဌာနများတိုးပွားလာအောင် အသိပညာပေးရန်တို့ကို မှာကြားခဲ့ပါသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မန္တလေး မသန်စွမ်း သက်ငယ်သင်တန်းကျောင်းသို့ ရောက်ရှိခဲ့ရာ ကျောင်းအုပ်က မသန်စွမ်းကလေးငယ်များ အထူးပညာရေးစနစ်ဖြင့် သင်ကြားပေးနေမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက မသန်စွမ်းကလေးငယ်များ၏ တစ်နေ့တာ လုပ်ငန်းများကို အမိခိုကင်းစွာ ဆောင်ရွက်တတ်စေရန်နှင့် ပတ်ဝန်းကျင်ဝင်ဆံ့မှုအတွက် စနစ်တကျ ဆောင် ရွက်ပေးရန်နှင့် ကလေးများရဲ့ လုံခြုံရေး၊ ကျန်းမာရေး၊ ကျောင်းကြိုပို့ သူများနှင့်စနစ်တကျ ချိတ်ဆက်ဆောင်ရွက်ရန် မသန်စွမ်းကလေးများရဲ့ မသန်စွမ်းမှုဆိုင်ရာ အပြုအမူနှင့် ထိခိုက်လွယ်မှုများ ကိုဂရုပြုပြီး အထူးပညာရေးစနစ်ဖြင့်သင်ကြားပေးရန်၊ မသန်စွမ်း အခွင့်အရေးဥပဒေနှင့်အညီ ဆောင်ရွက်ပေးနေမှုများကို ပြည်သူလူထုသိရှိ ပူးပေါင်းကူညီဆောင်ရွက်လာအောင် ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင် ပုသိမ်ကြီးလူငယ်သင်တန်းကျောင်းသို့ သွားရောက် ကြည့်ရှုစစ်ဆေး

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်ရှိ ပုသိမ်ကြီးလူငယ် သင်တန်းကျောင်းသို့ရောက်ရှိခဲ့ရာ ကျောင်းအုပ်ကြီးက ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေ ၂၀၁၉ အရယောက်ျားလေး (၁၆၉) ဦး လက်ခံစောင့်ရှောက်ထားမှု အခြေအနေများကို ရှင်းလင်း တင်ပြပြီး ကျောင်းအား လှည့်လည်ရှင်းလင်းပြသခဲ့ပါသည်။

ဒုတိယဝန်ကြီးက အသက် ၁၈နှစ်အောက် ကလေးများကို လက်ခံထားသဖြင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာဥပဒေပါ အခြေခံအခွင့်အရေးများ ဖြစ်သောအသက်ရှင်သန်ခွင့်၊ဖွံ့ဖြိုးတိုးတက်ခွင့်၊ကာကွယ်

စောင့်ရှောက်ခံခွင့်၊ ပါဝင်ဆောင်ရွက်ခွင့်နှင့် ပညာရေး၊ ကျန်းမာရေးအခွင့်အရေးများရရှိရေး ဆောင်ရွက်ပေးရန်၊ ကလေးသူငယ်တရားရုံးများက ပို့အပ်သောကလေးများ ဖြစ်သဖြင့် ပတ်ဝန်းကျင်အခြေအနေ၊ အကျင့်စာရိတ္တ၊ ဝါသနာထုံမှုနှင့် ပေါင်းသင်းဆက်ဆံမှုများကို အခြေခံပြီး လိုအပ်သော စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ရှိလာအောင် လူမှုဝန်ထမ်းနည်းစနစ်များဖြင့် ဆောင်ရွက်ပေးရန်၊ ဘဝအောင်မြင်မှုများရရှိရန်အတွက် စိတ်ရှည်သည်းခံပြီး တစ်စိုက်မတ်မတ် ကြိုးစားဆောင်ရွက်တတ်စေရန်၊ အမှားအမှန် ခွဲခြားတတ်ပြီး ကိုယ်ချင်းစာတရားနှင့် အပြန်အလှန် လေးစားမှုများထားရှိနိုင်ရန်အတွက် စာရိတ္တ၊ ပြည်သူ့နီတိ၊ စည်းကမ်းတို့ကို လေ့ကျင့်သင်ကြားပေးရန်၊ ပညာသင်ယူကြရမည့် အရွယ်များဖြစ်သဖြင့် စာပေ ဆက်လက်သင်ယူနိုင်သူများကို ဆက်လက်သင်ကြားပေးရန်၊ စာပေသင်ယူခြင်းမပြုနိုင်သောသူများကို ကျောင်းပြင်ပမူလတန်းပညာသင်ကြားပေးရန်၊ ဘဝတစ်သက်တာ သင်ခန်းစာများကို သင်ကြားပေးရန်၊ ကျန်းမာသန်စွမ်းသောလူငယ်များ ဖြစ်စေရန် ကိုယ်လက်လှုပ်ရှား အားကစားမှတဆင့် ထူးချွန်အားကစားသမားများ ပေါ်ထွက်လာအောင် လေ့ကျင့်ပေးရန်၊ ရပ်ရွာအတွင်း ပြန်လည်ဝင်ဆံ့ ပေါင်းစည်းနေနိုင်ရေးအတွက် အသက်မွေး ဝမ်းကျောင်းပညာများကို ဘဝရပ်တည်နိုင်သည်အထိသင်ကြားပေးရန်၊ စိတ်အပန်းပြေစေရန် တီဗီ ကြည့်ခြင်း၊ တူရိယာများ တီးမှုတ်ခြင်း၊ သီဆို၊ ကခုန်ခြင်းများ ဆောင်ရွက်ပေးရန်၊ ရိက္ခာဖြည့်စွက်ကျွေးမွေးနိုင်ရန်နှင့် စိတ်ထားနူးညံ့သိမ်မွေ့စေရန်အတွက် တစ်ဦးချင်းနှင့် အုပ်စုလိုက်စိုက်ခင်းများ ဆောင်ရွက်ရန်၊ တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး များကို အသိပညာပေးရန်၊ တစ်ဦးချင်းအတွက် ရပ်ရွာအတွင်းပြန်လည်ဝင်ဆံ့ရေး အစီအစဉ်ကို ရေးဆွဲဆောင်ရွက်ပေးရန်၊ နိုင်ငံတော်၏ သားကောင်းရတနာကလေးများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးရန် လမ်းညွှန်မှာကြားခဲ့ပါသည်။



၂၀၂၆ ခုနှစ်၊ ဇွန် လ ၂၀ ရက် မန္တလေးတိုင်းဒေသကြီး

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန**
**ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင် မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများအန္တရာယ်**
**အသိပညာပေးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား**

မြေမြှုပ်မိုင်းနှင့်ပေါက်ကွဲစေတတ်သောလက်နက်ပစ္စည်းများအန္တရာယ် အသိပညာပေးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပခဲ့ရာမိုင်းအန္တရာယ်အသိပညာပေးလုပ်ငန်းအဖွဲ့(ဗဟို) ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်၊ဝန်ကြီးဌာနမှအမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်

များနှင့် မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းအဖွဲ့ (ဗဟို) အဖွဲ့ဝင် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ တာဝန်ရှိသူများက လူကိုယ်တိုင် တက်ရောက်ခြင်းဖြင့်လည်းကောင်း၊ အာဆီယံဒေသတွင်း မိုင်းလှုပ်ရှားမှုဗဟိုဌာန (ARMAC)၊ ဂျီနီဗာအပြည်ပြည် ဆိုင်ရာမိုင်းရှင်းလင်းရေး ဗဟိုဌာန (GICHD) တို့မှ ကိုယ်စားလှယ်များက Online ဖြင့် လည်းကောင်း တက်ရောက်ခဲ့ကြပါသည်။

ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြား ရာတွင် နိုင်ငံတော်အစိုးရသစ် တာဝန်ယူချိန်၌ နိုင်ငံတော် အကြီးအကဲက နိုင်ငံတော် တည်ဆောက်ရေးဆိုင်ရာ အဓိကမူဝါဒများနှင့် လုပ်ငန်းစဉ်များ မှာကြားခဲ့ရာတွင် ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်စနစ် တည်ဆောက်ရေးသည် အဓိကလုပ်ငန်းစဉ်အဖြစ် ပါဝင်ပါကြောင်း၊ အကြမ်းဖက် တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည့် ဒေသများတွင် မြေမြှုပ်မိုင်း အပါအဝင် ပေါက်ကွဲစေတတ်သော တိုက်ပွဲလက်ကျန် လက်နက်ပစ္စည်းများ၏ အန္တရာယ်သည် ၎င်းဒေသတွင် နေထိုင်သည့် ဒေသခံလူထုအတွက် ခြိမ်းခြောက်မှုတစ်ရပ် ဖြစ်ပါကြောင်း၊ အဆိုပါဒေသများ၏ ဒေသဖွံ့ဖြိုးရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲ စေတတ်သော လက်နက်ပစ္စည်းများ၏ အန္တရာယ်လျှော့ချခြင်း လုပ်ငန်းစဉ်များကို ထည့်သွင်း စဉ်းစားရမည်ဖြစ်ပါကြောင်း၊ မိုင်းအန္တရာယ်လျှော့ချရေး လုပ်ငန်းစဉ်များကို ရေရှည်ငြိမ်းချမ်းရေး တည်ဆောက် နိုင်ရေးအပြင် နိုင်ငံတော်၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဆောင်ရွက်ရန်လိုအပ် ပါကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် မိုင်းအန္တရာယ် အသိပညာပေးရေး၊ မိုင်းအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာ ရရှိသူများအား ကူညီထောက်ပံ့ရေးနှင့် တိုက်တွန်းနှိုးဆော် ရေးလုပ်ငန်းစဉ်တို့ကို နိုင်ငံတကာနှင့် ဒေသတွင်း စံချိန် စံနှုန်းများနှင့်အညီ ထိရောက်စွာအကောင်အထည် ဖော်နိုင်ရေး ဆောင်ရွက်နေပါကြောင်း၊ မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများကြောင့် ထိခိုက်ဒဏ်ရာ ရရှိသူများအတွက် အကောင်းဆုံးသော အကျိုးစီးပွားများကို ဖော်ဆောင်ပေးနိုင်ရေး မြန်မာနိုင်ငံ အတွက် မိုင်းလုပ်ငန်းစဉ်စံနှုန်း (Myanmar National Mine Action Standards – NMAS) ရေးဆွဲနိုင်ရေးလိုအပ် သည့် လေ့လာမှု၊ ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ရာ တွင် အလုပ်ရုံဆွေးနွေးပွဲက ရရှိသည့် ဗဟုသုတများက အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ ထိခိုက်ဒဏ်ရာ ကြောင့် မသန်စွမ်းမှု တစ်မျိုးမျိုးခံစားရသူများ ပြန်လည် ထူထောင်ရေး၊ စိတ်-လူမှုဆိုင်ရာ နှစ်သိမ့်ဆွေးနွေးရေး၊ အလုပ်အကိုင် အခွင့်အလမ်းရရှိရေးတို့အတွက် လိုအပ် သည့် အစီအစဉ်များကို ဆက်လက်ဆွေးနွေး ဖော်ထုတ် သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သုံးရက်တာ ကျင်းပပြုလုပ်မည့် အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးမှု များကြောင့် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများ၊ မိုင်းလှုပ်ရှား ဆောင်ရွက်နေသူများနှင့် မိုင်းအန္တရာယ် ဆိုင်ရာအသိပညာပေး လုပ်ငန်းအဖွဲ့ဝင်များအနေဖြင့် မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သော လက်နက် ပစ္စည်းများအန္တရာယ် အသိပညာပေးလုပ်ငန်းတို့ကို ပိုမို အားကောင်းစွာညှိနှိုင်း ဆောင်ရွက်ခြင်း၊ ထိခိုက်ဒဏ်ရာ ရသူတို့၏ စွမ်းဆောင်ရည်နှင့် လူမှုဘဝတွင် ပါဝင် ဆောင်ရွက်နိုင်မှု မြှင့်တင်ပေးခြင်းတို့ကို ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံတော်၏ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းလုပ်ငန်းစဉ်နှင့် စဉ်ဆက် မပြတ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ပံ့ပိုးပါဝင် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းအားထုတ်စေလိုပါကြောင်း တိုက်တွန်းပြောကြားခဲ့ပါသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၊အာဆီယံဒေသ တွင်း မိုင်းလှုပ်ရှားမှု ဗဟိုဌာန (ARMAC)နှင့် ဂျီနီဗာ အပြည်ပြည်ဆိုင်ရာ မိုင်းရှင်းလင်းရေးဗဟိုဌာန (GICHD)

တို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဝန်ကြီးဌာန အသီးသီးမှ မိုင်းအန္တရာယ် အသိပညာပေး လုပ်ငန်းအဖွဲ့ (ဗဟို) အဖွဲ့ဝင်(၃၀)ဦး ဖြင့် (၂၄-၆-၂၆) ရက်မှ (၂၆-၆-၂၆) ရက်ထိ (၃) ရက်ကြာ ကျင်းပခဲ့ပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်




**နေပြည်တော်၊ ဇွန်လ ၃၀ ရက်**

လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ အပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီး ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆) ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ ပြန်လည် ထူထောင်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ လက်နက်ကိုင်ပဋိပက္ခ အတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်၊ လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများ မှကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီဝင်ဝန်ကြီးဌာန အသီးသီးမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

ဒုတိယဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံမှ ၁၉၉၁ ခုနှစ်တွင် အတည်ပြုလက်မှတ် ရေးထိုးထားသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း၏ အပိုဒ်(၃၈)ပါ ပြဋ္ဌာန်းချက် ဖြစ်သည့် “အရွယ်မတိုင်မီ ကလေးသူငယ်များအား စစ်သားစုဆောင်းခြင်းနှင့်အသုံးပြုခြင်း၊ လက်နက်ကိုင် ပဋိပက္ခများတွင် ပါဝင်ပတ်သက်နေသည့် ကလေးသူငယ် တိုင်းအား အကာအကွယ်ပေးရန်နှင့် ကြည့်ရှုစောင့်ရှောက် မှုပေးရန်” အချက်အားလိုက်နာဆောင်ရွက်နေပါကြောင်း၊ ၂၀၁၉ ခုနှစ်တွင် အတည်ပြုလက်မှတ်ရေးထိုးထားသော

လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုဆိုင်ရာ နောက်ဆက်တွဲ အခြေပြ စာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့် ကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွားကိုအလေးထားဖော်ဆောင်ရေး မှုကို အခြေခံသည့် မြန်မာနိုင်ငံ၏ ကလေးသူငယ် အခွင့်အရေး များဆိုင်ရာဥပဒေ (၂၀၁၉) တို့အရ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေ ထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများမှ ကာကွယ်တားဆီးနိုင်ရေး အမျိုးသား အဆင့်လုပ်ငန်းစီမံချက်ကို ရေးဆွဲအကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် ပတ်သက်ပြီး အဓိကဌာန အဖြစ်တာဝန်ယူဆောင်ရွက်နေသည်နှင့်အညီကုလသမဂ္ဂ ကွန်ဗင်းရှင်း၏ အခြေခံမူများအရ ကလေးသူငယ်များ အား မည်သည့်အခြေအနေတွင်မဆို ခွဲခြားဆက်ဆံမှု မရှိဘဲ တန်းတူညီမျှသည့် အခွင့်အရေးများရရှိစေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်း ကော်မတီ အဖွဲ့ဝင်တွေအနေဖြင့် လက်နက်ကိုင်ပဋိပက္ခ အတွင်း ကြီးလေးသော ကျူးလွန်မှုများကြောင့် ထိခိုက် ခံစားနေရသော ကလေးသူငယ်များ၏ အကောင်းဆုံး အကျိုးစီးပွားဖြစ်သည့် အသက်ရှင်သန်ရေး၊ ဖွံ့ဖြိုးတိုး တက်ရေး၊ ကာကွယ်စောင့်ရှောက်မှုရရှိရေးနှင့် လူ့အဖွဲ့ အစည်းတွင် ပါဝင်ဆောင်ရွက်ခွင့် ရရှိစေရေးတို့ကို သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားရန် အရေးကြီးပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများ ကို လုံးဝ လက်မခံသည့် မူဝါဒ (Zero Tolerance Policy) နှင့်အညီ ကာကွယ်တားဆီးရေးနှင့် အရေးယူ ဆောင်ရွက်ရေး လုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက် သွားရမည်ဖြစ်ပါကြောင်း၊ ကလေးသူငယ်များအပေါ် ကျူးလွန်မှုများနှင့် ပတ်သက်သည့် သတင်းအချက် အလက်တို့ကို အချိန်နှင့်တပြေးညီ ရယူနိုင်ရန်၊ ထိရောက် စွာတုံ့ပြန်ဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆောင်ရွက်မှုတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပါဝင်တက်ရောက်လာကြသည့် တာဝန်ရှိပုဂ္ဂိုလ်များ အနေဖြင့် အပြုသဘောဆောင်သည့် မိမိတို့၏ အတွေ့ အကြုံနှင့် ဗဟုသုတများကို မျှဝေဖလှယ်ဆွေးနွေးပေး ကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

ထို့နောက် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြခဲ့ကြရာ ဒုတိယဝန်ကြီးက ဆွေးနွေးချက်များအပေါ် သုံးသပ်၍ ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

## ကယားပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသိပညာပေး ဟောပြောပွဲ



ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ လွိုင်ကော် မူလတန်းကြိုကျောင်း၌ ၄-၆-၂၀၂၆ ရက်တွင် ကယား ပြည်နယ် လူမှုဝန်ထမ်းရုံးမှ ကလေးသူငယ် အခွင့်အရေး များဆိုင်ရာ ဥပဒေအသိပညာပေး ဟောပြောပွဲအား ကျင်းပဆောင်ရွက်ခဲ့ပါသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင်လွိုင်ကော် မူလတန်းကြိုကျောင်းတွင် တက်ရောက် ပညာသင်ကြား လျက်ရှိသော ရင်သွေးငယ်လေးများ၏ မိဘများ စုစုပေါင်း (၉၇) ဦး တက်ရောက်ခဲ့ပါသည်။

ဟောပြောပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ မိဘအုပ်ထိန်းသူများအနေဖြင့်ကလေးသူငယ်အခွင့်အရေး

များဆိုင်ရာ ဥပဒေအကြောင်း ကောင်းစွာသိရှိလိုက်နာစေရန်နှင့် ကလေးအခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်းကောင်း၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်များတွင်လည်းကောင်း ပူးပေါင်းပါဝင်လာနိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ပါသည်။

## မကွေးတိုင်းဒေသကြီး၊ မကွေးမြို့တွင် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်း ဖွင့်လှစ်ကျင်းပခြင်း



မကွေးတိုင်းဒေသကြီး၊ မကွေးမြို့အတွင်း ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းအား မကွေးမူလတန်းကြိုကျောင်းခန်းမ၌သင်တန်းသား/သူ(၃၀)ဦးတို့ဖြင့်၂၅-၅-၂၀၂၆ ရက်မှ ၁၄-၆-၂၀၂၆ ရက်အထိ သင်တန်းကာလ (၂၁) ရက်တိတိ ဖွင့်လှစ် ခဲ့ပြီး သင်တန်းသား/သင်တန်းသူများအား စာတွေ့၊ လက်တွေ့တို့ဖြင့် သင်ကြားပို့ချပေးခဲ့ပါသည်။

သင်တန်းဆင်းပွဲအခမ်းအနားအား မကွေးမူလတန်းကြိုကျောင်းခန်းမ၌ ၁၄-၆-၂၀၂၆ ရက်တွင် ကျင်းပဆောင်ရွက်ခဲ့ပြီး သင်တန်းသား/ သူတို့အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ပါသည်။

## မကွေးတိုင်းဒေသကြီးတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများ အသိပညာပေးသင်တန်းကျင်းပခြင်း

မကွေးတိုင်းဒေသကြီး၊မကွေးမြို့၊မကွေးမူလတန်းကြိုကျောင်းခန်းမ၌ ၁၈-၆-၂၀၂၆ ရက်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးများ အသိပညာပေးသင်တန်းအား မကွေးမြို့နယ်ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မကွေးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ဖြင့်စုစုပေါင်းသင်တန်းသား/သူ(၅၁)ဦးတို့ဖြင့် ဖွင့်လှစ်ခဲ့ရာ အဆိုပါသင်တန်းတွင် မကွေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးသက်လှိုင်ထွန်းက မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေမှ မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် ပတ်သက်၍ အသိပညာပေးရှင်းလင်း ပို့ချပေးခဲ့ပါသည်။



## ရောဝတီတိုင်းဒေသကြီး၊ ကလေးသူငယ်အသိပညာပေးသင်တန်း



ကလေးသူငယ် အသိပညာပေးသင်တန်းကို ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ ကန်သုံးဆင့် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၌ ၆-၆-၂၀၂၆ ရက်တွင် သင်တန်းသား (၅၀) ဦးဖြင့် ကျင်းပပြုလုပ်ခဲ့ရာ ရောဝတီတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူးက အသိပညာပေးဟောပြောခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ၂၀၂၆ ခုနှစ်၊ ဇွန်လအတွင်း သဘာဝဘေးအသိပညာပေးလုပ်ငန်းများပြုလုပ်ခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် ၂၀၂၆ခုနှစ်၊ ဇွန်လတွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့အတွင်းရှိ လူစည်ကားရာ ရပ်ကွက်များ၊ ဒေါ်နိုးကူးရပ်ကွက်၊ အ.ထ.က (၇) စာသင်ကျောင်း၊ နမ့်ကွတ်ရပ်ကွက်၊ အထက (ခွဲ) နမ့်ကွတ်စာသင် ကျောင်း၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရပ်ကွက် (၃) ခု အတွင်း ချမ်းမြသာစည်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ် အတွင်းရှိ ရပ်ကွက်၊ ရမည်းသင်းမြို့နယ်၊ အ.လ.က (ခွဲ) သိမ်ကုန်းကျောင်း၌လည်းကောင်း၊ ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်၊အ.ထ.က(၁)စာသင်ကျောင်း၊ လှိုင်းဘွဲ့မြို့နယ်၊ (ဃ) ရပ်ကွက်၊ အခြေခံပညာ အထက်တန်းကျောင်း၊ ဘားအံမြို့နယ်၊ အ.ထ.က (အိန္ဒူ)ကျောင်း၊ အ.ထ.က (၅) ကျောင်း၌လည်းကောင်း ဘေးမဖြစ်ပွားမီကြိုတင် ပြင်ဆင်ရန်၊ ဘေးဖြစ်ပွားချိန်နှင့် ဘေးဖြစ်ပွားပြီးချိန်တွင် လိုက်နာရမည့် ဆောင်ရန်/ ရှောင်ရန် အချက်များကို အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ဆောင်ရွက်ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ၂၀၂၆ ခုနှစ်၊ ဇွန်လအတွင်း ဇာတ်တိုက်လေ့ကျင့်ခန်းဆောင်ရွက်မှု



လပွတ္တာခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၉-၆-၂၀၂၆) ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ငလျင်ဘေးအန္တရာယ် သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခန်းအား ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ၂၀၂၆ ခုနှစ်၊ ဇွန်လအတွင်း သင်တန်းဖွင့်လှစ်မှု

နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အခြေခံသင်တန်း မြို့နယ် အဆင့် (၁/၂၀၂၆) ကို (၁၁-၆-၂၀၂၆) ရက်မှ (၁၃-၆-၂၀၂၆)ရက်အထိသင်တန်းသား/သူစုစုပေါင်း(၃၀)ဦးတို့ဖြင့် သက်ဆိုင်ရာဌာနများနှင့်အတူ ပူးပေါင်း၍ ဖွင့်လှစ်ခဲ့ပါသည်။

နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အခြေခံသင်တန်း မြို့နယ်အဆင့် (၂/၂၀၂၆) ကို (၁၈-၆-၂၀၂၆) ရက်မှ (၂၀-၆-၂၀၂၆) ရက်အထိ သင်တန်းသား/သူ စုစုပေါင်း (၃၀) ဦးတို့ဖြင့် သက်ဆိုင်ရာဌာနများနှင့်အတူ ပူးပေါင်း၍ ဖွင့်လှစ်ခဲ့ပါသည်။



မော်လမြိုင်ကျွန်းမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်၊ မရဲ့အုန်းပင်စုကျေးရွာအုပ်စု၊ မရဲ့အုန်းပင်စုကျေးရွာ၊ ဘက်စုံသုံးခန်းမ၌ သဘာဝဘေးလျှော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်(ဆင့်ပွား)သင်တန်းကို (၁၂-၆-၂၀၂၆) ရက်မှ (၁၄-၆-၂၀၂၆) ရက်အထိ သင်တန်းသား/သူ စုစုပေါင်း (၃၀) ဦးတို့ဖြင့် သက်ဆိုင်ရာဌာနများနှင့် အတူပူးပေါင်း၍ ဖွင့်လှစ်ခဲ့ပါသည်။



**ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ၂၀၂၆ ခုနှစ်၊ ဇွန်လအတွင်း လေပြင်းဘေးထောက်ပံ့မှု**



(၄-၆-၂၀၂၆) ရက်တွင် ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊အမှတ်**(၁)**ရပ်ကွက်၌ လေပြင်းတိုက်ခတ်မှုကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးလူနေအိမ် (၁၅) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၇၅၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၇၈)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၃၉၀,၀၀၀-) တို့ကို (၈-၆-၂၀၂၆) ရက်တွင် ဘားအံခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာစိုးဝင်း ပြည်ခရိုင်အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန ခရိုင်ရုံးများ ကြည့်ရှုစစ်ဆေးခြင်း**



**၂၀၂၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်** **ပဲခူးတိုင်းဒေသကြီး**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်းသည် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့သို့သွားရောက်ကာ လူမှုဝန်ထမ်းဦးစီးဌာန၊ ပြည်မူလတန်းကြိုကျောင်းတွင် ရင်သွေးငယ်များအား ပြုစုစောင့်ရှောက်ပေးနေမှု အခြေအနေများကို ကြည့်ရှုခဲ့ပါသည်။ ကလေးငယ်များကို မူလတန်းကြိုဆိုင်ရာပညာရပ်များဖြင့်လေ့ကျင့်ပျိုးထောင်ပေးရာတွင် နည်းစနစ်မှန်ကန်စွာနှင့် ထိရောက်စွာ ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံ၏ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးကို အထောက်အကူများစွာ ဖြစ်စေသဖြင့် ပိုမိုအလေးထားလုပ်ဆောင်ပေးကြရန် မှာကြားပြီး ကလေးငယ်များကို ပဲနို့နှင့်မုန့်များ ပေးအပ်ကာ လူမှုဝန်ထမ်းဦးစီးဌာန၊ ပြည်ခရိုင် ဦးစီးမှူးရုံးကို ကြည့်ရှုစစ်ဆေးပါသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည်ပြည်မြို့၊ သရေခေတ္တရာဘိုးဘွားရိပ်သာသို့ ဆက်လက်သွားရောက်ကာ အဖိုးအဖွားများ၏ နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက် ပေးနေမှုများကို ကြည့်ရှုမေးမြန်းပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ်ကာ ၂၀၂၆-၂၀၂၇ဘဏ္ဍာရေးနှစ်အတွက်လူမှုဝန်ထမ်းဦးစီးဌာနက ထောက်ပံ့သည့် (၁)နှစ်စာ စားစရိတ်ထောက်ပံ့ငွေ၊ အဝတ်အထည်ဖိုး ထောက်ပံ့ငွေနှင့် ဂေဟာမှူးလစာ၊ စုစုပေါင်း ထောက်ပံ့ငွေကျပ် (၇၄)သိန်းကျော်ကို ဂေဟာအုပ်ချုပ်ရေးမှူးနှင့်ဘိုးဘွားရိပ်သာကြီးကြပ်ရေးကော်မတီထံသို့ ပေးအပ်ထောက်ပံ့ခဲ့ပါသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ပြည်ခရိုင် ဦးစီးမှူးရုံးနှင့် သိုလှောင်ရုံသို့ သွားရောက်ပြီး ပြည်ခရိုင်အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံကာ နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး ဦးစီးဌာနအလိုက်၊ လုပ်ငန်းတာဝန်များအလိုက် ပြည်သူ့အကျိုးကို ကျေပွန်စွာရွက်ဆောင်ကြရန်နှင့် လုပ်ငန်းနှင့် ကိုယ်ရေးကိုယ်တာအခက်အခဲများ ရှိပါကလည်း အထက်အဆင့်ဆင့်သို့ တင်ပြပြီး သင့်လျော်သည့် နည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက် ကြခြင်းဖြင့် မိသားစုသဖွယ် ရင်းနှီးနွေးထွေးသည့် လုပ်ငန်းခွင်ကို ဖော်ဆောင် တာဝန်ထမ်းဆောင်နိုင်ကြမည် ဖြစ်ကြောင်း မှာကြားကာ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ပေးပါသည်။ ဆက်လက်၍ ကယ်ဆယ်ထောက်ပံ့ပစ္စည်း သိုလှောင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ ပစ္စည်းများ သက်တမ်း ပြည့်သုံးစွဲထောက်ပံ့နိုင်ရေး၊ လေလွင့်ပျက်စီးမှုများ မဖြစ်ပေါ်ရန် ညွှန်ကြားချက်များနှင့်အညီထိန်းသိမ်းထားရှိရေး၊ လုပ်ထုံးများနှင့်အညီ ဘေးသင့်သူများအား ထောက်ပံ့နိုင်ရေးတို့အတွက်လိုအပ်သည်များမှာကြားခဲ့ပါသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည်ခေတ္တရာမြေမသန်စွမ်းကလေးများ ပြုစုပျိုးထောင်ရေးစင်တာသို့ သွားရောက်ကာ ကလေးများအား ပြုစုလေ့ကျင့်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

